**အယ်လ်အေပီ အင်တာပရိုက်စ် ကုမ္ပဏီ လီမိတက် (LAP Enterprise Co., Ltd.)**
အမှတ်(48/98) အစု(2) ဘန်ရတ်ယိန်အခွဲ ဘန်ဘွာထွန်မြို့နယ် နွန်ထဘူရီခရိုင် 11110
ဖုန်း : 093 963 6364 ဖက်စ်: 02 000 6261 အီးမေးလ် : iyasilicone@yahoo.com www.iyasilicone.net

# အိုင်ယာ သံမှိုစွဲအားကော် (ဆီအခြေခံ) [iya Liquid Nail (Oil Base)]

**အိုင်ယာ သံမှိုစွဲအားကော် (ဆီအခြေခံ)** သည် လူလုပ် ဆီလီကုန်း ရာဘာ ဖြစ်၍၊ သိပ်သည်း စီးကပ်ပြီး စီးပျော်ပုံစံပြောင်းသွားနိုင်နှုန်း နိမ့်သော ပစ္စည်း ဖြစ်သည်။ ပုံမှန်သုံးနေကျ အိမ်ရိုက်သံ၊ ဝက်အူတို့ကို အစားထိုးလျက် လွန်ဖောက်စရာ မလိုပဲ သုံးစွဲ နိုင်ပါသည်။

**နည်းပညာပိုင်းဆိုင်ရာ အချက်အလက် :**

| | |
|---|---|
| ပုံသဏ္ဌာန် | ခရင်မ်သားပုံစံ |
| အစိုင်အခဲပါဝင်နှုန်း | 70% ကျော် |
| ပဏာမ ခဲမာရန်ကြာချိန် | 5 မိနစ် |
| လုံးဝခြောက်သွေ့အသားသေရန် ကြာချိန် | 48 နာရီ |
| သိပ်သည်းဆ | 1.10 (+/- 0.1) ကီလိုဂရမ်/ကုဗစင်တီမီတာ |
| စွဲကပ်အား | 10 ကီလိုဂရမ် / စတုရန်းစင်တီမီတာ |
| ပြင်ဆင်ပုံသွင်းနိုင်ချိန် | 2-5 မိနစ် |
| မီးစွဲလောင်နိုင်သည့်အပူချိန် | 0 ဒီဂရီ စင်တီဂရိတ် |

**ဂုဏ်အရည်အသွေး :**

- အားကောင်းသည့် စွဲစုပ်အားရှိ၍ ကျုံ့ဝင်မှုနှင့် အပူကြောင့်ရွှေ့မှုဒဏ်မှ ခံနိုင်ရည် ရှိသည်။
- ကော်ကို လွယ်ကူစွာ ညှစ်ထုတ်နိုင်၍ အပူချိန် နိမ့်သည့်နေရာတို့၌ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်သည်။
- ခြောက်သွေ့ပြီးနောက် ဆေးသုတ် အလှဆင်နိုင်ခြင်းကြောင့် သေသပ်လှပသည့် လက်ရာကို ရရှိစေနိုင်သည်။
- အစက် ယိုကျခြင်း၊ အမျှင်တန်းအဖြစ် တွဲကျခြင်းတို့ မဖြစ်ရှိသဖြင့် သုံးစွဲရာ၌ ညစ်ပေမှု ပိုနည်းစေသည်။
- လက်ရာကြမ်း၍ ကောင်းမွန်စွာ တွဲဆက်ထားခြင်း မရှိသော ဆောက်လုပ်ရေး ပစ္စည်းများ၏ အပေါက်/လိုင်းများကို တွယ်ဆက်ပိတ်ဖာပေးနိုင်သည်။
- ပိုလီအီသိုင်လင်း၊ ပိုလီပရိုပိုင်လင်း၊ တက်ဖလွန်၊ ဆီလီကုန်း (သို့) ပိုလီစတိုင်ရင်း အမျိုးအစား ပစ္စည်းများနှင့်တွဲ၍ မသုံးစွဲရ။

**အသုံးချမှုနေရာများ :**

- ပစ္စည်းများအကြား စွဲစုပ်ရန်အတွက် သုံးစွဲရန်
- သစ်သားအချင်းချင်း တွယ်ဆက်မှု
- သတ္တုဂျိုင့်ဆက်နှင့် သစ်သား
- သစ်လုံး နှင့် ပေါင်းထားသည့်သစ်ချောင်းများ
- အဝင်ပေါက်နှင့် အသင့်သုံး ပြတင်း/တံခါးချပ်များ
- ရေချိုးခန်းအိမ်သာသုံး အသုံးအဆောင်ပစ္စည်း တွယ်ဆက်မှု
- ဖိုင်ဘာမှန်အမျိုးအစား ရေချိုးခန်းအကာ
- သတ္တု၊ အုတ်၊ ပလာစတာဘိလပ်မြေ၊ အုတ်စီမျက်နှာပြင်၊ ဖိုင်ဘာပလာစတာဘုတ်ပြား၊ ကြွေပြား၊ သုံးထပ်သား၊ ပါတီကယ်ဘုတ်ပြား

**ဆောင်ယူသုံးစွဲမှုနည်းလမ်း :**

- တွယ်ဆက်မည့် ပစ္စည်းသည် ဆီ၊ အမဲဆီ၊ ဖုံတို့ ပေကျံနေမှု မရှိပဲ ခြောက်သွေ့နေရမည်။
- ကော်တောင့်အဖျားကို ဖြတ်ဖောက်ဖွင့်ပြီးနောက် လိုအပ်သည့် အပေါက်အရွယ်အစား ရအောင် ဖြတ်ထားသည့် ပြွန်တံကို အတောင့်ထိပ်၌ တပ်ပါ။
- ကော်ညှစ်ဂန်းကို သုံး၍ ကော်ကို စွဲစုပ်မည့် မျက်နှာပြင်ပေါ် သို့ ညှစ်ချပါ။ ဂျိုင့်ဆက်၊ သပ်ချောင်း၊ ဇလီချောင်း တစ်လျှောက် ဇီဇစ်တီတွန့် ပုံသဏ္ဌာန်ဖြင့် ကော်ကို ညှစ်သုတ်ပါ။
- ကော်ညှစ်သုတ်ပြီး၍ 10 မိနစ်အတွင်း သံချောင်း၊ ဝက်အူ၊ ညှပ်တို့ဖြင့် တွက်ဆယ်မည့် နှစ်ဖက်ပစ္စည်းမျက်နှာပြင်တို့ ကောင်းစွာ ထိကပ်အောင် ထိန်းစုပ်၍ ဂျိုင့်ဆက်ကို ဆက်ပါ။
- ကော်ခဲမာသည်အထိ (အနည်းဆုံး 24 နာရီ) ထားပြီးမှ ညှပ်၊ ယာယီအထိန်းတို့ကို ပြန်ဖြုတ်ပါ။
- အသင့် စိတ်ချရစွာ အသုံးပြုနိုင်ပါပြီ။
- ပလပ်စတစ်ကော်သား မကုန်သေးသော ပြွန်တောင့်ကို နောင်၌ ဆက်လက်၍ အသုံးပြုနိုင်ပါတယ်။ နောက်တစ်ကြိမ် သုံးရာ၌ ကော်အနည်းငယ်ကို ညှစ်ပစ်ထုတ်ပြီး ကျန်ကော်ကို ပုံမှန်အတိုင်း သုံးနိုင်ပါသည်။

**သိမ်းဆည်းထားသိုမှုသက်တမ်း :**

- သင့်တော်သည့် အနေအထား၌ 24 လအထိ သိမ်းဆည်းထားနိုင်သည်။
- အေးမြ ခြောက်သွေ့ မှောင်မိုက်သည့် နေရာ၌ သိမ်းဆည်းပါ။
- ကလေးများမှ ကင်းလွတ်ရာတွင် သိမ်းဆည်းပါ။